## (က) လက်အောက်ခံကုမ္ပဏီခွဲသစ်တစ်ခုတည်ထောင်ခြင်း

## (ခ) အကျိုးတူလုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ"နှင့်၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများ စုပေါင်း၍"ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် FMIကုမ္ပဏီအနေနှင့်ရန်ကုန်မြို့တော်ရှိဘတ်စ်ကားမှတ်တိုင် များအားခေတ်မီလှပအသုံးဝင်ပြီး ခရီးသွားပြည်သူများသို့ သတင်းအချက်အလက်အသိပေးနေရာများအဖြစ်သို့ ပြောင်းလဲနိုင်ရန်အတွက်ပြင်သစ်နိုင်ငံ JCDecaux S.A ("JCDecaux")၏ ရာနှုန်းပြည့် လက်အောက်ခံကုမ္ပဏီ JCDecaux Asia(S) Pte Ltd. နှင့်အကျိုးတူဖက်စပ်၍ FMIDecaux Co.,Ltd.("FMIDecaux") အားတည်ထောင်ရန်သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်း အသိပေးကြေညာအပ်ပါသည်။

FMIDecaux ကုမ္ပဏီနှင့်ပတ်သက်သောရင်းနှီးမြှုပ်နှံမှုဆိုင်ရာအချက်အလက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

| | |
|---|---|
| ကုမ္ပဏီအမည် | FMIDecaux Company Limited |
| ကုမ္ပဏီရုံးစိုက်ရာနေရာ | မြန်မာနိုင်ငံ |
| ကနဦးအပြည့်ပေးသွင်းပြီးရှယ်ယာ | အမေရိကန်ဒေါ်လာ ၇၅,၀၀၀/- |
| ထည့်ဝင်ရင်းနှီးမြှုပ်နှံမှု | FMI ကုမ္ပဏီမှရင်းနှီးမြှုပ်နှံမှု ၄၀% ပိုင်ဆိုင်ပါသည်။ |

အဆိုပါသဘောတူစာချုပ်အရ FMIDecaux လုပ်ငန်းအား အမေရိကန်ဒေါ်လာ ၁၃ သန်း ထည့်ဝင်ရင်းနှီး မြှုပ်နှံမည်ဖြစ်ပြီး JCDecaux က ၆၀% ထည့်ဝင်၍ FMI ကုမ္ပဏီမှ ၄၀% ထည့်ဝင်မည်ဖြစ်ပါသည်။

FMIနှင့်JCDecauxတို့သည် ဘတ်စ်ကားမှတ်တိုင်၅၀၀နှင့်ရန်ကုန်မြို့တော်အကြောင်း သတင်းအချက်အလက်အသိပေးဆိုင်းဘုတ် ၅၀၀ အားတည်ဆောက်တပ်ဆင်၍ နှစ်(၂၀)ကြာတစ်ဦးတည်းလုပ်ငန်း လုပ်ကိုင်ခွင့်တင်ဒါကိုအောင်မြင်ရရှိခဲ့ပါသည်။ ဘတ်စ်ကားမှတ်တိုင်များကို "Mingalaba" နှင့် "Foster" ဒီဇိုင်းနှစ်မျိုးဖြင့်တည်ဆောက်တပ်ဆင်သွားမည်ဖြစ်ရာ ယင်းဒီဇိုင်းနှစ်ခုစလုံးကို JCDecaux၏ အပြည်ပြည်ဆိုင်ရာဒီဇိုင်းအဖွဲ့က ဒီဇိုင်းရေးဆွဲသွားမည်ဖြစ်ပါသည်။ FMIDecaux ၏ ပထမဆုံးဘတ်စ်ကားမှတ်တိုင်ကို သဘောတူစာချုပ် ချုပ်ဆိုသည့် ၂၀၁၈ ခုနှစ်၊ဇန်နဝါရီလ (၂၀) ရက်နေ့မှစ၍ ငါးလအတွင်း တည်ဆောက်၍ ကျန်ဘတ်စ်ကားမှတ်တိုင်အားလုံးကို (၃)နှစ်အတွင်းတည်ဆောက်ရန် လျာထားပါသည်။

JCDecaux ကုမ္ပဏီသည် ၁၉၆၄ခုနှစ်တွင် ကြော် ငြာဆိုင်းဘုတ် နှင့် ခုံတန်း ရှည်များ ကဲ့သို့ အရာများပါဝင်သည့် street furniture အယူအဆကိုတီထွင်ခဲ့ပြီး ယနေ့အချိန်တွင် street furniture လုပ်ငန်း၊ သယ်ယူ ပို့ ဆောင် ရေး ကြော် ငြာလုပ်ငန်း၊ Billboardကြော် ငြာလုပ်ငန်း နှင့် ကိုယ်တိုင်ယူစနစ်စက်ဘီးငှားရမ်းခြင်းလုပ်ငန်း တို့တွင်ကမ္ဘာ့ ဈေးကွက်၌ ဦးဆောင်နေသူဖြစ်ပါသည်။ လက်ရှိအချိန်တွင် JCDecaux ကုမ္ပဏီသည် နိုင်ငံ ပေါင်း ၇၅ နိုင်ငံနှင့် မြို့ကြီး ၄,၂၈၀ မြို့တို့တွင် ဝန်ထမ်းပေါင်း ၁၃,၀၀၀ ကျော်ဖြင့် အရည်အသွေးမြင့် street furnitureနှင့် ကြော် ငြာ

လုပ်ငန်းများကိုဆောင်ရွက်လျှက်ရှိပါသည်။

JCDecauxကုမ္ပဏီသည်ကမ္ဘာ့ထိပ်တန်းလေဆိပ်များ၊ မြေအောက်ရထားလမ်းများ၊မီးရထားဘူတာရုံများ၊ရှော့ပင်းစင်တာများနှင့်အများပြည်သူအပန်းဖြေနေရာများတွင်ဒစ်ဂျစ်တယ်ကြော်ငြာဆိုင်းဘုတ် ၅၃,၀၀၀ ခန့် ဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိပါသည်။ ၂၀၁၆ ခုနှစ်တွင် JCDecaux သည် ဝင်ငွေ ယူရို ၃,၃၉၃ သန်း ရရှိ ခဲ့ပါသည်။

**သဘောတူစာချုပ် ချုပ်ဆိုခြင်း**

ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးနောက် ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့တွင် FMIDecaux နှင့် YCDC တို့သည် ရန်ကုန်မြို့တော်ဒေသတွင်းဘတ်စ်ကားမှတ်တိုင်များနှင့်ယင်းဘတ်စ်ကားမှတ်တိုင်ပေါ်တွင်ကြော်ငြာလုပ်ငန်းများတပ်ဆင်ထုတ်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက်သဘောတူစာချုပ် အား ချုပ်ဆိုခဲ့ကြပါသည်။

ဤအကျိုးတူဖက်စပ်လုပ်ငန်းသည် ၂၀၁၇ခုနှစ်၊ဒီဇင်ဘာလ(၃၀)ရက်နေ့တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါသည်။

**ဘဏ္ဍာရေးဆိုင်ရာအကျိုးသက်ရောက်မှု**

ဤအကျိုးတူဖက်စပ်လုပ်ငန်းသို့ထည့်ဝင်ရမည့်ရင်းနှီးမြှုပ်နှံမှုကို FMIကုမ္ပဏီအုပ်စုအတွင်းရှိ အရင်းအနှီးများကိုအသုံးပြု၍ထည့်ဝင်မည်ဖြစ်ပြီး FMIကုမ္ပဏီအုပ်စုအသားတင်ပိုင်ဆိုင်မှုတန်ဖိုး၏ ၂.၉၉%[1] ခန့် ရှိမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်။

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm

1ဤကြေညာချက်ထုတ်ပြန်သည့်၂၀၁၈ခုနှစ်ဇန်နဝါရီလ(၂၀)ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှသတ်မှတ်သည့် ငွေလဲလှယ်နှုန်း အမေရိကန် (၁) ဒေါ်လာလျှင် မြန်မာကျပ်ငွေ(၁၃၄၆) ကျပ် အပေါ်အခြေခံ၍ တွက်ချက်ထားပါသည်။